ရဲတိကျေးရွာ

ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရဲတိကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရဲတိ ကျေးရွာ
ပင်းတယမြို့နယ်


**ရဲတိကျေးရွာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစားဥ္ဓေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |

| | | |
|---|---|---|
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |

4



မိုင်းလီကျေးရွာအုပ်စု ရဲ့တီကျေးရွာ၏ မြေပုံ
ရည်ညွှန်းချက်
ဘုန်းကြီးကျောင်း (၁)
စာသင်ကျောင်း (၁)
ဝန်ထမ်းအိမ် (၂)
ကျေးလက်အိမ် (၃၄)
နတ်စင် (၁)
ရွာလယ်လမ်း
လူသွားလမ်း
လယ်ခင်း
သစ်တော
ရေချောင်း
သုသာန်
ယာခင်း
ဆော်ဂျီဆည်
ဆည်ရေတင်မြောင်း

## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရဲတိကျေးရွာသည် ပင်းတယ-ရပ်စောက် ကားလမ်း၏ အရှေ့ဖက်(၃)မိုင်ခန့် အကွာတွင်တည်ရှိပြီး ၎င်းမြို့များနှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြသည်။ မိုးရေချိန် အသင့်အတင့်ရရှိသည်။ ရွာ၏ အရှေ့ဖက်တွင် ဇော်ဂျီချောင်းရှိပြီး ၎င်းချောင်းမှရေဖြင့် သီးနှံများ စိုက်ပျိုးသည်။ဇော်ဂျီဆည်မှာ ခိုင်ခံ့မှုမရှိပါသဖြင့် လယ်၊ ယာ မြေများ နွေအခါတွင် ရေအခက်အခဲရှိနေဆဲဖြစ်သည်။ လယ်ယာမြေများသည် စပါးနှင့်ပြောင်းကိုသာ စိုက်ပျိုး ထုတ်လုပ်ရန် နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး တောင်စောင်းဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ပါ။တောင်သူအများစုသည် ဇော်ဂျီဆည်မှ ရေဖြင့် လယ်မြေဧက(၂၀)ခန့်ကိုသာ စိုက်ပျိုးနိုင်သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၆၀) ရှိပြီး စပါး၊ ပြောင်းကို အဓိက စိုက်ပျိုးသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့၊ စီးပွားရေး ဆိုင်ရာ (၁)ဖွဲ့ တို့ရှိသည်။အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘာဝတရားတို့နှင့် ပတ်သက်၍ အားနည်းကပြီး၊အဖွဲ့အစည်း များစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်သည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့်ပြောင်း အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက ၅၆ ဧက ရှိပြီး ပြောင်း ဧက (၁၃၉)ကျော် တို့ကို စိုက်ပျိုးကြသည်။မိုးစပါး တစ်ဧက ပျမ်းမျှအထွက်မှာ (၂၈)တင်း ၊ပြောင်း (၁၈၀၀) ပိဿာ ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိကြပြီး ၊ တောင်သူအများစု သည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကြစရိတ်မြင့်မားရသည်။တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုရင်ဆိုင်ရတတ်သည်။စပါးခင်းများ ၊ ပြောင်းစိုက်ခင်းများ တွင် ဖျက်ပိုးကျရောက်မှုကို

ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူ နွား၊ ကျွဲ နှင့် ကြက် တပိုင်တနိုင် မွေးမြူသူများရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ကျေးရွာတွင် စားကျက်မြေရှားပါးမှုကြောင့် မွေးမြူရေးအတွက် အခက်အခဲရှိသည်။ ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) ငါးလုပ်ငန်း

ကျေးရွာသည် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

## (ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် ၊ ပန်းရံ၊ လက်သမား အလုပ် ၊ အိမ်ဆိုင် နှင့် အစိုးရဝန်ထမ်း ဆိုင်ကယ်ပြင်လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် တွက်ချေကိုက်မှု အသင့်အတင့်သာရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည် မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်ဇာထိုးပန်းထိုး ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင် ၊ ကားမောင်း၊ ဝပ်ရှော့၊ သံဂဟေ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားများသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း နိမ့်ကျပြီး သင်တန်းစရိတ်ကုန်ကျခံရန် နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

## (င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူအနည်းစုသည် လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို တစ်နှစ် အတိုးနှုန်း(၁.၅) ကျပ်တိုး ၊ တစ်ဧက တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး (၁၀)ဧက အတွက် ချေးယူနိုင်သည်။ကျေးရွာတွင် သမဝယမ အသင်း ချေးငွေအဖွဲ့နှင့်

အသေးစားချေးငွေအဖွဲ့တို့လည်းရှိပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် အဓိကထားချေးယူကြသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု အချို့သည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀)မှ (၁၅၀၀၀၀၀)ထိ ချေးယူကြောင်း တွေ့ရှိရသည်။

## ၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်း ကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာ ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများ မှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စု (၃၄)စု ရှိပါသည်။ကျေးရွာသားများသည် လျှပ်စစ်မီးရရှိမှုတွင် ကိုယ်အားကိုယ်ကိုး ဆိုလာစနစ်တပ်ဆင်ထားကြသည်။ မိုးတွင်း၌ နေရောင်ကောင်းစွာ မရသဖြင့် မီးမရပါ။ညရေးညတာ အိမ်တွင်းမှုလုပ်ငန်းများ မလုပ်နိုင်ခြင်းနှင့် ချက်ပြုတ်ရန် ထင်းခုတ်ယူမှုများ ပြား ခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။

### (ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၂၉)လုံး၊ ရေဒီယို (၆)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

### (ဃ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ် အတွက် တို့ကိုသာ တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း တွင် တက်ရောက် သင်ကြား နိုင်သည်။ အလယ်တန်း၊ အထက်တန်း ပညာများကို တောင်ရွှေပုထိုး(သို့) ပင်းတယမြို့သို့ ဆက်လက်၍ ပညာသင်ကြား

ကြရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲ ဖြစ်သည်။

## ၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။အမျိုးသမီးလူငယ်လူရွယ် အသက်ကြီးပိုင်းတို့သည် လည်း များသောအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအမြင်ရှိကြသည်။ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ရွာမှ အရန်သားဖွားဖြင့် ၎င်းကျေးလက်ကျန်းမာရေးဌာနခွဲ မိုင်းလီသို့၎င်း ကျန်းမာရေးစောင့်ရှောက်မှုရယူကြသည်။ပြဿနာတစ်ရပ်အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အပိုင်း၌ ကျန်းမာရေးဌာနခွဲဖြင့် (၂ မိုင်)ဝေးကွာခြင်း မြို့နယ်ပြည်သူဆေးရုံနှင့် (၁၅)မိုင် ဝေးကွာခြင်းတို့ကြောင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ခဲ့ပါက ပြဿနာတစ်ရပ် ဖြစ်ကြရသည်။ ကျေးရွာသူကျေးရွာသားများသည် ရွာ၏ပတ်ဝန်းကျင်မှ ထွက်သော ရေချောင်းရေမှ ရေကို သောက်ရေသုံးရေအဖြစ် အသုံးပြုကြပြီး ရေမသန့်သောကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖိုက် ၊ အစာအိမ်ရောင် စသော ရောဂါ ဖြစ်ပွားမှုများ တွေ့ရသည်။

## ၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စပါး၊ ပြောင်း စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်သော ကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။

ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ရဲတိကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – မိုင်းလီ | | ကျေးရွာအမည် –ရဲတိ | မှတ်ချက် |
|---|---|---|---|---|
| | **ကဏ္ဍ** | **စီမံချက်ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | |
| ၁ | လူငယ် အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ်အခွင့်အလမ်း | အဖွဲ့အစည်းတိုးတက်ရေးခေါင်းဆောင်မှုသင်တန်း<br>စာရင်းဇယားရေးနည်းသင်တန်း | |
| ၂ | ကျေးလက်ရပေးဝေရေး | စိုက်ပျိုးရေ | ဆည်မြောင်းဦးစီးဌာန၏အကူအညီ ဖြင့် ဆည်ပုပြင်ခြင်း (၂၇ဝပအေကျပ်-ရပအေမင်္ဂ) | |
| ၃ | အစိုးရ အသိမှတ်မပုငြ (သက်မွေးပညာ) | အစိုးရ အသိမှတ်မပုငြ (သက်မွေးပညာ) | အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးတက်ရရှိရေး (ဆိုင်ကယ်ပငြ်၊လက်သမား၊ပန်းရံ) | |
| ၄ | ရပ်ရွာအခြေပုငြ်ကြေခြး ဝန်ဆောင်မှုများ | ရပ်ရွာအခြေပုငြ | သင့်တင့်သဘေအတိုးနှုန်းထားဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့ အစည်းနှင့်ချိတ်ဆက်နိုင်ရန် | |
| ၅ | အခြေခံ ပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | KGဆောင်အသစ်ဆောက်လုပ်ခြင်း (၂၀'x၂၀'x၁၂') | |
| ၆ | စိုက်ပျိုးရေး နည်းပညာ | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | |

| | | | | |
|---|---|---|---|---|
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးဝေရေး | ရေလှောင်ကန်တည်ဆောက်ခြင်း (၃၀'x၂၀'x၆') | |
| ၈ | အခြေခံ<br>အဆောက်အဦ | ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊<br>တံတား ဆောက်လုပ်ခြင်း | ကျောက်ချောလမ်းခင်းခြင်း(၁၅၀၀ ပေ) | |
| ၉ | မဟာဓါတ်အားပေးစနစ်ဖြင့်<br>မီးလင်းစရေး | မဟာဓါတ်အားလိုင်း | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီး သွယ်တန်းခြင်း(၁/၄)မိုင် | |

နောက်ဆက်တွဲ(၁)

**ရဲတိ ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးချစ်အေး | ဦးပွေး | ၁၃/ပတယ(နိုင်)၀၂၁၇၀၀ | ၅၁ | ဥက္ကဋ္ဌ | ၀၉-၄၉၂၂၇၄၉၆ | |
| ၂ | ဦးကျားပု | ဦးတင့် | ၁၃/ပတယ(နိုင်)၀၂၁၆၉၇ | ၅၀ | အတွင်းရေးမှူး | ၀၉-၇၉၀၅၃၂၇၃၈ | |
| ၃ | ဦးစိုးဝင်း | ဦးဘရင် | ၁၃/ပတယ(နိုင်)၀၂၁၆၈၂ | ၄၈ | စာရင်းကိုင် | | |
| ၄ | ဦးမိုးဝင်း | ဦးသိန်းအောင် | ၁၃/ပတယ(နိုင်)၀၃၉၄၁၇ | ၃၈ | ဘဏ္ဍာရေးမှူး | | |
| ၅ | ဦးဇော်မျိုးဦး | ဦးမှင် | ၁၃/ပတယ(နိုင်)၀၃၉၄၂၄ | ၄၆ | သော့ကိုင် | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ဒေါ်စန်းဝေ | ဦးနီ | ၁၃/ပတယ(နိုင်)၀၄၃၆၈၀ | ၃၇ | အဖွဲ့ဝင် | | |
| ၇ | ဒေါ်ခင်မိုး | ဦးဘရင် | ၁၃/ပတယ(နိုင်)၀၃၉၄၂၁ | ၄၂ | အဖွဲ့ဝင် | | |

**နောက်ဆက်တွဲ(၃)**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ရဲတိ)ကျေးရွာ**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာဖွံ့ဖြိုးရေးတွင်လူငယ်များအမျိုးသမီးများပါဝင်မှုအားနည်းခြင်း | အဖွဲ့အစည်းဆိုင်ရာ ဗဟု သုတနည်းပါးခြင်း | ဦးဆောင်ဆောင်ရွက်မည့်သူရှိ | | ရပ်ရွာမှလူငယ်၊အမျိုးသမီးများကိုအဖွဲ့အစည်းဆိုင်ရာဗဟုသုတတိုးတက်လာအောင် ဆောင်ရွက်မည်။ | အဖွဲ့အစည်းတိုးတက်ရေးခေါင်းဆောင်မှုသင်တန်းစာရင်းဇယားရေးနည်းသင်တန်း |
| ၂ | ကျေးရွာဝင်လမ်းမကောင်း၍ သွားလာရခက်ခဲခြင်း | မြေသားလမ်း | လုပ်အားရှိခြင်း | ငွေကြေးမတတ်နိုင် | ကျေးလက်ဦးစီးဌာနနှင့် ချိတ် ဆက်၍လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်မည်။ | ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ လမ်းအဆင့်မြှင့်တင်ခြင်းကျောက်ချောလမ်း(၁၅၀၀ပေ) |
| ၃ | ကျောင်းသားများစာသင်ချိန် တွင်အာရုံစူးစိုက်မှုမရှိခြင်း သင်ကြားရာတွင်အခက်အခဲရှိ ခြင်း | KGဆောင်သီးသန့်မရှိ၍အခြားကျောင်းသားများနှင့်ရောသင်ရသည်။အခန်းခွဲထားခြင်းမရှိ။ | မြေနေရာရှိခြင်း | ငွေကြေးမတတ်နိုင် | ပညာရေးဌာနနှင့်ချိတ်ဆက်၍ KGဆောင်သီးသန့်ထားရှိရန် | KGဆောင်အသစ်ဆောက်လုပ်ခြင်း (၂၀'x၂၀'x၁၂') |
| ၄ | အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း | ပြင်ပဗဟုသုတနည်းပါးခြင်း ၊အသက်မွေးဝမ်းကြောင်းပညာတတ်မြောက်မှု မရှိခြင်း | | | လူငယ်များကိုအသက်မွေးဝမ်းကြောင်းပညာသင်ကြားစေပြီးအိမ်တွင်းမှုလုပ်ငန်း၊ဝင်ငွေတိုး လုပ်ငန်းများလုပ်ကိုင်စေမည်။ | အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးတက်ရရှိရေး (ဆိုင်ကယ်ပြင်၊လက်သမား၊ပန်းရံ) |
| ၅ | ကျန်းမာရေးနှင့်ညီညွတ်စွာမနေ တတ်ခြင်း | ကျန်းမာရေးဆိုင်ရာဗဟုသု တနည်းပါးမှု | | | ကျေးရွာလူထုကိုကျန်းမာရေး နှင့်ဆိုင်သည့်အသိပညာဗဟု သုတများတိုးတက်လာအောင် ဆောင်ရွက်မည်။ | ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ပညာပေးသင်တန်း၊ ဟောပြော ပွဲများဆောင်ရွက်ပေးမည်။ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ကောင်းများ | အဟာန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | မိုးရွာလျှင်မီးအားမရခြင်း၊ ညရေးညတာအိမ်တွင်းမှုလုပ်ငန်းများမဆောင်ရွက်နိုင်ခြင်း ကျောင်းသားများစာကျက်ရန် အခက်အခဲဖြစ်ခြင်း | ဆိုးလာမီးကိုသာအသုံးပြုရ ခြင်း<br>လျှပ်စစ်ဓါတ်အားမရရှိခြင်း | မဟာဓါတ်အားလိုင်းနှင့်နီးခြင်း၊မီးလင်းရေးကော်မတီရှိခြင်း၊<br>ကိုယ်ထူကိုယ်ထ ထရန်စဖော်မာ ဝယ်ယူပြီးဖြစ်ခြင်း | | မြို့နယ်လျှပ်စစ်ဌာနနှင့်ချိတ်ဆက်ပြီး မီးလင်းရေးဆောင်ရွက်ရန် | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီး သွယ်တန်းခြင်း(၁/၄)မိုင် |
| ၇ | စိုက်ပျိုးရေမလုံလောက်ခြင်း | ဆည်ခိုင်ခံ့မှုမရှိခြင်း<br>ရေမြောင်းမကောင်းခြင်း | သစ်သား/ဝါးတစ်ဖက်ပိတ်ဆည် ရှိပြီး | | ဆည်ပြုပြင်ထိန်းသိမ်းခြင်း ဆည်ရေကိုစနစ်တကျသုံးစွဲခြင်း | ဆည်မြောင်းဦးစီးဌာန၏အကူအညီ ဖြင့် ဆည်ပြုပြင်ခြင်း (၂၇၀ပေအကျယ် - ၈ပေအမြင့်) |
| ၈ | သန့်ရှင်းသောသောက်သုံးရေ မရှိခြင်း | ရေကန်မရှိခြင်း | ဇော်ဂျီချောင်းရှိ | ငွေကြေးမတတ်နိုင် ခြင်း | ဇော်ဂျီချောင်းမှရေကိုစက်ဖြင့် တင်ပြီးရေလှောင်ကန်တွင် ထည့်၍ရေသန့်ရရှိအောင် ဆောင် ရွက်မည်။ | ရေလှောင်ကန်တည်ဆောက်ခြင်း (၃၀'x၂၀'x၆') |
| ၉ | စိုက်ပျိုးရေးသီးနှံအထွက်နှုန်း လျော့နည်းခြင်း | နည်းပညာမရှိ<br>ကွင်းဆင်းဝန်ထမ်းမရှိ<br>စိုက်ပျိုးရေးဌာနနှင့်အလှမ်းဝေး | သင်တန်းတက်မည့်သူရှိ | နည်းပညာမရှိခြင်း | ဝန်ဆောင်မှုပြည့်ဝစွာရရှိရန် စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်မည်။ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း |

နောက်ဆက်တွဲ(၄)

ရဲတိကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

| စဉ် | အဆိုပြု လုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီး သွယ်တန်းခြင်း(၁/၄)မိုင် | ၁ | ✓ | ✓ | | | |
| ၂ | ဆည်မြောင်းဦးစီးဌာန၏ အကူအညီဖြင့် ဆည်ပြုပြင်ခြင်း(၂၇၀ပေအကျယ် ၈ပေအမြင့်) | ၂ | ✓ | ✓ | ✓ | | |
| ၃ | ရေလှောင်ကန်တည်ဆောက်ခြင်း (၃၀'x၂၀'x၆') | ၃ | | ✓ | ✓ | | |
| ၄ | အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးတက်ရရှိရေး (ဆိုင်ကယ်ပြင်၊လက်သမား၊ပန်းရံ) | ၄ | ✓ | ✓ | ✓ | ✓ | ✓ |
| ၅ | အဖွဲ့အစည်းတိုးတက်ရေး ခေါင်းဆောင်မှုသင်တန်း စာရင်းဇယားရေးနည်းသင်တန်း | ၅ | ✓ | ✓ | ✓ | ✓ | ✓ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ကျောက်ချောလမ်းခင်းခြင်း(၁၅၀၀ ပေ) | ၆ | ✓ | ✓ | | | |
| ၇ | မူကြိုကျောင်း(၃၀'×၂၀'×၁၀) KGဆောင်အသစ်ဆောက်လုပ်ခြင်း (၂၀'x၂၀'x၁၂') | ၇ | ✓ | ✓ | | | |
| ၈ | သင့်တင့်သောအတိုးနှုန်းထားဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့ အစည်းနှင့်ချိတ်ဆက်နိုင်ရန် | ၈ | ✓ | ✓ | ✓ | ✓ | ✓ |
| ၉ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ၉ | ✓ | ✓ | ✓ | ✓ | ✓ |